dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကိုတည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to deal with the old Laws?"***

ဖြစ်ပါတယ်။(မေ ၊၇ ၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ခေတ်နဲ့လျော်ညီမှု မရှိတော့တဲ့ ဥပဒေတွေကို ဘယ်လိုပြုပြင်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံ၌ ယနေ့သုံးစွဲလျက်ရှိသည့် ဥပဒေများ၌ ယနေ့ခေတ်နှင့်လျော်ညီမှုမရှိတော့သည့်အတွက် ပြင်ဆင်၊ ပယ်ဖျက် တို့လုပ်ရန်လိုအပ်လျက်ရှိသည်။ ဥပမာအနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မြန်မာနိုင်ငံတွင် နာမည်ကြီးခဲ့သော အမှုတစ်ခုဖြစ်ခဲ့သည့် နာမည်ကြီး မင်းသမီးနှင့် သတင်းထောက်တို့၏ အမှုတွင် မင်းသမီးက သတင်းထောက်ကို ပါးရိုက်ခဲ့သည့်အမှုအတွက် ပြစ်ဒဏ်အဖြစ်ငွေဒဏ် ၁၀၀၀ကျပ်ချမှတ်ခဲ့ရာလူမှုအဖွဲ့အစည်းအတွင်း ငွေ ၁၀၀၀ ကျပ်နှင့် ပါးရိုက်၍ရသည်ဟု ပြောဆိုခြင်းများပင် ခေတ်စားခဲ့သည်။

ယခင်အစိုးရလက်ထက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဥပဒေ စုစုပေါင်း ၉၉ ခု ၊ အမျိုးသားလွှတ်တော်မှ ဥပဒေ စုစုပေါင်း ၉၅ ခု၊ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ ၃၅ ခု စုစုပေါင်း ဥပဒေ ၂၂၉ ခု ပြဋ္ဌာန်း နိုင်ခဲ့သည်။ ထိုပြင် ပထမကြိမ်လွှတ်တော် သက်တမ်းအတွင်း အမျိုးသားလွှတ်တော်တွင်ဆွေးနွေးခဲ့ကြသည့် ဥပဒေကြမ်းပေါင်း ၁၀၈ ခု၊ ပြည်သူ့လွှတ်တော်တွင် တွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်းပေါင်း ၁၀၅ ခု နှင့် ပြည်ထောင်စု လွှတ်တော်သို ပြန်လည်ပေးပို့ခဲ့သည် ဥပဒေကြမ်း ငါးခုကို ဆွေးနွေးခဲ့ကြသည်။ ပထမကြိမ် လွှတ်တော် သက်တမ်အတွင်းတွင် ဥပဒေကြမ်း ၂၁၃ ခုကို အတည်ပြု ဆောင်ရွက်နိုင်ခဲ့ကြသည်။ " အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ကတော့ ခေတ်နဲ့ လျှော်ညီမှု မရှိတဲ့ ဥပေဒတွေကို ပြန်လည် သုံးသပ်တာတွေ လုပ်သွားဖို့ရှိပါတယ်။ ဘာတွေကို ပြင်ဆင်သင့်တယ် ဘာတွေကို ဖြည့်စွက်သင့်တာတယ် ဆိုတာ မျိုးတွေပါ ပါနိုင် ပါတယ်" ဟု အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦးဖြစ်သည့် ဦးဟန်သာမြင့် က ၂၀၁၅ ရွေးကောက်ပွဲ ကာလအတွင်းကပြောထားသည်။

လက်ရှိအချိန်၌ ခေတ်နှင့် လျော်ညီမှုရှိသည့် ပြစ်မှု၊ပြစ်ဒဏ်များ ပါဝင်ပြီး လူထုကိုအကာအကွယ်ပေးမည့် ဥပဒေတစ်ရပ်နှင့် ယင်းတို့ကို မှန်ကန်တည့်မတ်စွာစီရင်သည့် တရားရေးမဏ္ဍိုင်တို့ပေါ်ပေါက်ရန် အရေးကြီးလှပေသည်။

ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်ပယ်မှ ကျွမ်းကျင်သူများက မတူညီသည့် ရှုထောင့်များမှ ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

## သူတို့အမြင်

"ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားရုံးများရဲ့ ဝန်ဆောင်မှုများ မြှင့်တင်ရေးအတွက် တရားစီရင်ရေး ဆိုင်ရာ မဟာဗျူဟာစီမံကိန်းဆိုပြီး သတင်းစာမှာ ထုတ်ပြန်လာတယ်။ ဘာပဲပြောပြော ဒီလိုထုတ်ပြန်ချက်ဟာ ယနေ့ပြည်သူတွေ အယုံအကြည်မဲ့နေတဲ့ တရားစီရင်ရေးအခြေအနေအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ခြေလှမ်းတစ်ခုလို့ ယူဆပါ တယ်။ မဟာဗျူဟာ စီမံကိန်းမှာပါဝင်တဲ့ တရားရုံးတွေကို ကွင်းဆင်းလေ့လာမယ် ဆိုတာက တကယ်လုပ်ဖို့လိုပါတယ်။ တရားရုံးဝန်းကျင်မှာ အမှုဖြစ်နေတဲ့ ပြည်သူတွေ ဘယ်လိုအခြေ အနေမျိုး ကြုံတွေ့နေရသလဲ။ လာဘ်ဘယ်လိုဝင်နေလဲ။ ရှေ့နေနဲ့တရားရေး ဝန်ထမ်းအချို့ ပွဲစားလုပ်ပြီး တရားရုံး အဆင့်ဆင့် တစ်ဆင့်ခံအနေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေ ဖြစ်နေကြတာတွေ။ အခုဆိုတယ်လီဖုန်းနဲ့ ရုံးမှာပေး စရာမလိုဘူး။ ဘယ်ဘဏ်၊ ဘယ်နေရာသွားပေးမလဲ။ အဲလိုဆက်သွယ် လုပ်ကိုင်နေတာတွေ။ အဲလိုအခြေ အနေတွေကြောင့် လာဘ်ယူတာတွေကို လက်ပူးလက်ကြပ်မမိနိုင်တော့တဲ့ အခြေအနေတွေ။ ဒါတွေကို ဘယ်လိုဖြေရှင်း ပေးမလဲ။ ဒါတွေကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဖြစ်ရပ်အမှန်အတိုင်း သိဖို့လိုတယ်။ တရားကို မတရားမလုပ်ဖို့နဲ့ မတရားကို တရား မလုပ်ဖို့ မှန်မှန်ကန်ကန် အရေးယူနိုင်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီထုတ်ပြန်ခဲ့တဲ့ မဟာဗျူဟာအတိုင်း တကယ်လုပ်မလုပ် စောင့်ကြည့်နေပါတယ်" **ဦးသိန်းညွှန့်** - ဥပဒေပညာရှင်။

"ဒီကိစ္စကကြိုဆိုရမယ့်ကိစ္စပါ။ ဒီလိုမျိုးစီမံချက်နဲ့ လုပ်တယ်ဆိုတာ တရားရုံးတွေရဲ့ လက်ရှိအခြေအနေကို သဘောပေါက်နားလည်ပြီး ဆောင်ရွက်တာဖြစ်တယ်။ ဒီအတွက် ကြိုဆိုပါတယ်။ နံပါတ်နှစ် ဒီစီမံကိန်းက အောင်မြင်နိုင်ပါတယ်။ တကယ်လုပ်ရင် တကယ်ဖြစ်ပါတယ်။ သင်တန်းတွေပေး၊ စစ်တမ်းတွေကောက်မယ်ဆိုရင်တော့ မအောင်မြင် နိုင်စရာ အကြောင်းမရှိပါဘူး။ နောက်တစ်ခုက လွတ်လပ်မျှတဲ့ တရားစီရင်ရေးဖြစ်ဖို့ကို ဖောင်းပေးသင့်တယ်။ အဲဒီအခါမှာဝင် ရောက်စွက်ဖက်မှုက နှစ်ဖက်လုံးမရှိသင့်ပါဘူး။ အတွင်းရော အပြင်ရော မရှိစေရပါဘူး။ အပြင်က ဥပဒေပြုရေးတို့ အုပ်ချုပ်ရေးတို့က ဝင်ရောက်စွက်ဖက်တာမျိုးက မရှိသင့်တော့ပါဘူး" **ဦးသိန်းသန်းဦး** - တရားလွှတ်တော်ရှေ့နေ။

"ဥပဒေပညာကို မျက်ကွယ်ပြု၍ အမှုသည် အနိုင်အရှုံးကိုသာ စိတ်ဝင်စားပြီး အမှုပွဲစားတွေ လုပ်နေမယ်ဆိုရင် တရားစီရင်ရေး ကဏ္ဍဟာ ပို၍သာ ဆိုးဝါးသွားနိုင်ပြီး တရားဥပဒေ စိုးမိုးရေး ဆိုတာမှာလည်း ဝေးကွာနေဦးမှာကို သတိထား ဆင်ခြင်သင့်ပါတယ်"
**ဦးတင်ထွေး** - ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်(၂၀၁၅)။

*Information links:*

www.7daydaily.com
www.thevoicemyanmar.com
www.burma.irrawaddy.com
www.facebook.com/dvb.debate